ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်**

**ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ

အမှတ် ၁ / ၂၀၀၅ )

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၈ နှင့် ပုဒ်မ ၉တို့တွင် ပါရှိသော " မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့" ဆိုသည့်စကားရပ်ကို " မြို့နယ် မှတ်ပုံတင်အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၁၀။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်ရန် ပျက်ကွက်မှု ရှိ မရှိ၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှု ရှိ မရှိနှင့် ထိမ်ချန်မှု ရှိ မရှိတို့ကို သက်ဆိုင်ရာမြို့နယ်မှတ်ပုံတင်အဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရမည်။ "

၄။ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

" ၁၃။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်ရန် တာဝန်ရှိသူ မည်သူမဆို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် မှတ်ပုံတင်ရာ၌ တမင် မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ "

( ပုံ ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ